*ဧည့်သည်များအတွက်၊ အလုပ်သမားများအတွက်၊ လူတိုင်းအတွက်  – ဘေးကင်းလုံခြုံမှု*

## ဘေးကင်းလုံခြုံသော ဟိုတယ်များ

### COVID–19 ကာလအတွင်း ဧည့်သည်များနှင့် အလုပ်သမားများအတွက် ဘေးကင်းလုံခြုံသော ဟိုတယ်ဖြစ်စေခြင်း

ဒေါက်တာ ဟီဒယဂရိန်းဖီးလ်
IUF အာရှပစိဖိတ်ဒေသဆိုင်ရာ အတွင်းရေးမှူး
မေလ ၁၁ ရက်နေ့၊ ၂၀၂၀

COVID–19 ကပ်ဘေးကာလကြောင့် အာရှပစိဖိတ်ဒေသတွင် ခရီးသွားလုပ်ငန်း အထူးသဖြင့် ဟိုတယ်နှင့် အပန်းဖြေစခန်း လုပ်ငန်းများအပေါ် ဆိုးရွားစွာ ရိုက်ခတ်ခံခဲ့ရပါသည်။ လေယာဉ်ခရီးစဉ်ဖျက်သိမ်းမှုများ၊ နိုင်ငံတကာ ခရီးသွားလာ ကန့်သတ်မှုများနှင့် နိုင်ငံတော်တော်များများတွင် အသွားအလာလုံးဝ ပိတ်ထားလုနီးပါး ဖြစ်လာစေခဲ့ရာ ဟိုတယ်နှင့် အပန်းဖြေစခန်းများတွင် ဧည့်သည်လုံးဝ မရှိခြင်းနှင့် ၃ လမှ ၆ လအထိ ယာယီပိတ်သိမ်းထားရမှုများ ရှိစေခဲ့ပါသည်။

လုပ်ငန်းပြန်လည်လည်ပတ်နိုင်ဖို့ လပေါင်းများစွာ ထပ်ကြာပါဦးမည်ဖြစ်ပြီး ပြည်တွင်း ခရီးသွားလုပ်ငန်းနှင့် အခမ်းအနားကျင်းပမှုများ (လက်ထပ်ပွဲ၊ ဧည့်ခံကျွေးမွေးပွဲ၊ အစည်းအဝေး) တဆင့်ပြီးတဆင့် ပြန်လည်လည်ပတ်နိုင်သည့်အခြေအနေပေါ် အများကြီး မူတည်ပါသည်။ ထို့နောက် နိုင်ငံတကာ ခရီးသွားလုပ်ငန်းနှင့် ခရီးသွားလာမှုများ တဖြေးဖြေး ပြန်လည်ဝင်ရောက်လာပါမည်။

ပြန်လည်ကောင်းမွန်သည့်အခြေအနေရောက်ရှိဖို့ အချိန်ယူရမှာ သေချာပါသည်။ စိန်ခေါ်မှုလည်း ရှိမှာဖြစ်ပြီး အဓိက စိန်ခေါ်မှုမှာ လူတွေ ခရီးထပ်မံသွားလာဖို့နှင့် ဧည့်သည်များ ဟိုတယ်မှာ တည်းခိုဖို့အတွက် စိတ်ချယုံကြည်မှု ရရှိခြင်းပဲ ဖြစ်ပါသည်။ ထိုစိတ်ချယုံကြည်မှုသည် ခရီးသွားသူများနှင့် ဧည့်သည်တော်များ ဟိုတယ်များ၊ ကာစီနိုဟိုတယ် အပန်းဖြေစခန်းများတွင် ပြန်လည်တည်းခိုကြဖို့ ***ဘေးကင်းလုံခြုံမှု*** ရှိကြောင်း အာမခံချက်ပေးနိုင်မှုအပေါ် မူတည်ပါသည်။

ကျွန်ုပ်တို့ ကြားသိထားသည့်အတိုင်း COVID–19 ကပ်ရောဂါအခြေအနေကို မခန့်မှန်းနိုင်သော အခြေအနေအဖြစ် ဖော်ပြထားကြသည်။ COVID–19 ကာလအတွင်း အပြောင်းအလဲ အမျိုးမျိုးဖြစ်နိုင်တယ်ဆိုတာ သံသယ ရှိစရာမလိုပါ။ ထို့ကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည်လည်း ပြီးခဲ့သည့်အချိန်တုန်းကလို လုပ်ငန်းလည်ပတ်ခြင်းနှင့် ကြော်ငြာခြင်းမျိုး လုပ်နိုင်မည် မဟုတ်သေးပါ။ အပေါ်ယံပြပန်းတခုထက် ***တကယ်ကို ဘေးကင်းလုံခြုံသော*** ဟိုတယ် သို့မဟုတ် အပန်းဖြေစခန်းဖြစ်ဖို့ ပြည်သူများ လိုလားကြပါသည်။

ဘေးကင်းလုံခြုံသော ဟိုတယ် သို့မဟုတ် ကာစီနိုဟိုတယ်အပန်းဖြေစခန်း အဖြစ်ပြောနိုင်ဖို့ *[ပြည်သူ့ကျန်းမာရေးနှင့် သန့်ရှင်းမှုဆိုင်ရာ ပြီးပြည့်စုံသော လမ်းညွှန်မှုများ]* အတိုင်း လုပ်ဆောင်ကျင့်သုံးနေမှု အပေါ်တွင် မူတည်ပြီး သမဂ္ဂမှတဆင့် အလုပ်သမားများ တိုက်ရိုက်ပူးပေါင်းပါဝင်နိုင်မှုအပေါ် မူတည်ပါသည်။

လူတိုင်း –စီမံခန့်ခွဲသူ၊ အလုပ်သမားများနှင့် ဧည့်သည်များ– လမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်ကြဖို့ အဆင့်ဆင့် ကြိုးကြပ်လုပ်ဆောင်ကြရပါမည်။ လမ်းညွှန်ချက်များအတိုင်း နေ့စဉ်နှင့်အမျှ လိုက်ပါလုပ်ဆောင်ကြသော အလုပ်သမားများအတွက် အပြစ်ပေးခြင်းနှင့် ခြိမ်းခြောက်ခြင်းများ မရှိစေရပါ။ လမ်းညွှန်ချက်အပေါ် လိုက်နာမှုမှာ ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်ပြင်ဆင်ထားမှု၊ ဖြည့်စွက်သင်တန်းပို့ချမှု၊ အလုပ်အကိုင်များ အာမခံချက် (တကယ်အရေးပါသည့်အရာ) နှင့် အလုပ်သမားများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်ခွင့် အပေါ်မူတည်ပါသည်။

ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှု သတ်မှတ်ချက်များကို အကောင်အထည်ဖော်ရာတွင် လူ့စွမ်းအားအရင်းအမြစ်၏ ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးသည် COVID–19 မဖြစ်ခင်က ရှိခဲ့သော ပုံစံများအတိုင်း သွားလို့မရနိုင်ပါ။ ထိုကဲ့သို့ ပုံစံအတိုင်းဖြစ်ပါက ဟိုတယ်ဝန်ထမ်းများအား ပိုမိုတွေဝေစေပါသည်။ ကပ်ရောဂါ အစောပိုင်းကာလမှာပင် ရောဂါကူးစက်နိုင်ချေရှိစေပါသည်။ ဒီအတိုင်းပဲ လွှတ်ထားလိုက်သော ဆက်ဆံရေးက ကျဆုံးမှုကို ဖြစ်စေပါသည်။ အသက်ပေါင်းများစွာကိုလည်း ဘေးဖြစ်စေပါသည်။ “ကျွန်တို့အားလုံး ရင်ဆိုင်ကြမယ်အတူတူ” ၊ “ကျွန်ုပ်တို့ကို သုံးသပ်ချက်ပေး” လို့သာ ပြောရင်းဖြင့် – လုပ်ခလစာဖြတ်တောက်ကြသည် သို့မဟုတ် အကန့်အသတ် မရှိ လစာမဲ့ခွင့် ယူခိုင်းပြန်ပါသည်။ ထိုအခြေအနေများက ဟိုတယ်ဝန်ထမ်း သိန်းချီကို သူတို့ဘာသာ သူတို့ ရပ်တည်စေခဲ့သည့်သဘောမှာ ထင်းရှားလွန်းပါသည်။

အကယ်၍ ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာဖို့ ခရီးသွားဧည့်သည်များ၏ စိတ်ချယုံကြည်မှု ပြန်လည်ရရှိခြင်းအပေါ် မူတည်ပါက ဟိုတယ်ဝန်ထမ်းများ၏ ချိုးဖွဲ့ခံလိုက်ရသော စိတ်ချယုံကြည်မှုကိုလည်း ပြန် လည်ကောင်းမွန်လာစေဖို့ လိုအပ်ပါသည်။

အလုပ်ခွင်အန္တရာယ် အလားအလာအားလုံးသည် အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်တခုဖြစ်စေဖို့အတွက် တခုသော နည်းလမ်းမှာ အလုပ်သမားများအား သူတို့ရဲ့ သမဂ္ဂများမှတဆင့် ပါဝင်ပူးပေါင်းခွင့်ပေးခြင်း ဖြစ်ပါသည်။ သမဂ္ဂများနှင့် အလုပ်ရှင်တို့ ပါဝင်ဖွဲ့စည်းထားသော ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှု ပူးတွဲကော်မတီများ ဖွဲ့စည်းခြင်းဖြင့် ကျန်းမာရေးနှင့်သန့်ရှင်းမှုဆိုင်ရာ ပြီးပြည့်စုံ သောလမ်းညွှန်မှုများကို အတူတကွ အကောင်အထည်ဖော်ခြင်းဖြင့် ဘေးကင်းလုံခြုံသော ဟိုတယ်/လုပ် ငန်းခွင်များ ဖြစ်လာစေပါသည်။

COVID–19 ကပ်ရောဂါအတွက် ပါဝင်လုပ်ကိုင်နေကြသူများကို အရှေ့တန်းက အလုပ်သမားများအဖြစ် အားလုံးက အသိအမှတ်ပြုထားခြင်းနည်းတူ ***COVID–19 ကာလအတွင်း ဟိုတယ်နှင့်အပန်းဖြေစခန်းက ဝန်ထမ်းများမှာလည်း အရှေ့တန်းက ဆက်လက်ရှိနေမည့် အလုပ်သမားများအဖြစ်*** အသိအမှတ် ပြုရပါမည်။ လူစုလူဝေးများတည်ရှိရာ ဟိုတယ်၊ အပန်းဖြေစခန်းများမှ လူတွေနှင့် ဆက်လက်ထိတွေ့နေခြင်းသဘောမှာ လုပ်ငန်းခွင်တွင် COVID–19 ကူးစက်စေသော အထိအတွေ့ ဆက်လက်ရှိနေခြင်းဖြစ်ပါသည်။ ဟိုတယ်ဆိုရာမှာ အများသူ စားသုံး၊ နားနေ၊ အပန်းဖြေ၊ တွေ့ဆုံ၊ အလုပ်လုပ်ဖို့ ပေါင်းစုထားသော နေရာဖြစ်ပါသည်။ ထိုနေရာတွင် အလုပ်လုပ်သော ဟိုတယ်ဝန်ထမ်းများမှာလည်း သူတို့မိသားစုရှိရာနေအိမ်သို့ *ကျန်းမာစွာ* ပြန်ရဖို့လိုပါသည်။

နောက်ဆုံးတော့ ဒီလို COVID–19 ကာလမှာ ဟိုတယ်နှင့်ကာစီနိုအပန်းဖြေစခန်းများမှ ***ဝန်ထမ်းများ၏ လုပ်အားတန်ဖိုးကို အသိအမှတ်ပြု*** လာရသည်။ လက်ရှိ တချို့ဟိုတယ်နှင့်အပန်းဖြေစခန်းများတွင် လုပ်သားအင်အားလျှော့ချခြင်း သို့မဟုတ် စောစီးစွာ အနားယူစေခြင်း ကြိုးပမ်းမှုမှာ လုံးဝအဓိပ္ပါယ်မရှိပါ။

ဘေးကင်းလုံခြုံသော ဟိုတယ်တလုံးမှာ အလုပ်အကိုင်အာမခံချက်ရှိရှိဖြင့် အတွေ့အကြုံရှိ၊ ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများ ဝန်ဆောင်ပေးမှုများအပေါ် မူတည်ပါသည်။ ခရီးသွားဧည့်သည်များအား စိုးရိမ်ကြောင့်ကြမှုကိုကျော်လွှားစေပြီး ယုံကြည်မှုရှိလာစေခြင်းက ဝန်ဆောင်မှုအရည်အသွေးနှင့်ဘေးကင်းလုံခြုံမှုအပေါ် အာမခံချက် ပေးနိုင်ခြင်း ဖြစ်ပါသည်။ (ပိတ်ဆို့ထားမှုကြောင့် လူသန်းပေါင်းများစွာ နေအိမ်တွင်ပင် အချိန်ကုန်ခဲ့ကြရသည်။ သူတို့ဘာသာ သူတို့ ချက်ပြုတ် သို့မဟုတ် ကိုယ်တိုင်ကိုယ်ကျ မလုပ်လိုကြတော့ပါ)။ ဝန်ဆောင်မှု၏ နောက်ခံအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများက စိတ်ချယုံကြည်မှုကို ဖြစ်ပေါ်စေပါသည်။ လုပ်သားအင်အားလျော့ချခြင်း သို့မဟုတ် အတွေ့အကြုံအများဆုံးသော ဝန်ထမ်းအား စောလျင်စွာအငြိမ်းစားယူစေခြင်းက ဒီစိတ်ချယုံကြည်မှုကို (တဖန်) ချိုးဖဲ့လိုက်သလို ဖြစ်စေပါသည်။

နောက်ဆုံးအနေဖြင့် ကျန်းမာရေးနှင့် သန့်ရှင်းမှုသည် ဘေးကင်းလုံခြုံသော ဟိုတယ်နှင့်အများပြည်သူကျန်းမာရေးကို အာမခံချက်ပေးဖို့အတွက် အရေးကြီးပါသည်။ **သန့်ရှင်းရေးဝန်ထမ်း၊ အိပ်ဆောင်ဝန်ထမ်း၊ အခန်းရှင်းလင်းရေးဝန်ထမ်း၊ ပန်းကန်ဆေးဝန်ထမ်းများ၏ လုပ်အားမှာ မရှိမဖြစ်လိုအပ်သော လုပ်အားများအဖြစ် အသိအမှတ်ပြု**ထားပါသည်။ ကျွမ်းကျင်မှုမရှိသော လုပ်အားအဖြစ် သတ်မှတ်လို့ မရနိုင်တော့ပါ။ ထိုကဲ့သို့သော အဓိက လုပ်အားများကို အပြင်မှ ခေါ်ယူခိုင်းစေခြင်း လုပ်ခလျော့ချပေးခြင်းများ မပြုလုပ်ရပါ။ ထိုအလုပ်များသည် ဟိုတယ်တစ်လုံး၏ ဘေးကင်းလုံခြုံရှိမှုကို အဆုံးအဖြတ်ပေးခြင်းကြောင့်ဖြစ်ပါသည်။ အသက်ပေါင်းများစွာက သူတို့အပေါ်မူတည်နေပါသည် (COVID–19 ကာလတွင် ချဲ့ကားပြီးပြောဆိုတာ မဟုတ်ပါ)။ ထိုအလုပ်မှာ တန်ဖိုး ရှိသောအလုပ်ဖြစ်ပြီး တန်ဖိုးရှိမှုအတွက် ပိုမိုကောင်းမွန်သော လုပ်အားခနှင့် အလုပ်အကိုင်အာမခံချက် ရှိရပါမည်။ လုပ်ငန်းအပြောင်းအလဲ သို့မဟုတ် အကျိုးတူလုပ်ငန်းများမှ ထိုတန်ဖိုးကို ပြောင်းလဲစေမည် မဟုတ်ပါ။